# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၄၅)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် ၊ ၁၇-၁၁-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၁၆

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက် အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္လာနေ့။

## အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်များ ထက်မြက်မြင့်မားစေရေး ဆောင်ရွက်လျက်ရှိ

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်တွင်ပါဝင်သည့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များပေါ်များရေး၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုမြင့်တင်ရေး၊ အသုံးချ သုတေသနနှင့် ဆန်းသစ်တီထွင်မှု အားပေးရေးတို့ကို ပေါက်မြောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေးအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ KG + 12 စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး သင်ရိုးညွှန်းတမ်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများအား ၂၁ ရာစု ကျွမ်းကျင်မှုများ(21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills) ရရှိစေရန် သင်ကြားနည်းစနစ်များဖြင့် ပြုပြင်ပြောင်းလဲ သင်ကြားလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲများကို နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျင်းပရာ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၇၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများယှဉ်ပြိုင်ခဲ့သော ဘာသာရပ်နှစ်ခုဖြစ်သည့် အင်္ဂလိပ်စာ(Global Communication Language)နှင့် သင်္ချာ(The Universal Language of Innovation and Logic)တို့သည် အလွန်အရေးပါသော နေရာမှ ပါဝင်လျက်ရှိကြောင်း၊ ဆုရကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်များ တိုးတက်နေစေရန် အမြဲမပြတ် ဆက်လက်ဆည်းပူးလေ့လာကြရန် လိုအပ်ပါကြောင်း၊ ယခုလို ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတကာပြိုင်ပွဲများအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

တောင်ကြီးတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး) ဒေါ်မြမြဝင်းနှင့် ရန်ကုန်တက္ကသိုလ်သင်္ချာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာအောင်ကျော်တို့က အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၏ ဖြေဆိုမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် အတန်းလိုက် ပထမဆုရ ကျောင်းသား၊ ကျောင်းသူများက အင်္ဂလိပ်စာစွမ်းရည်ကို တင်ဆက်ကြသည်။

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများကို မူလတန်းနှင့် အလယ်တန်းအဆင့်မှစ၍ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်များ ထက်မြက်မြင့်မားစေရေးအတွက် ပဉ္စမတန်း(Grade-5) မှ နဝမတန်း(Grade-9) အထိ အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်းမြင့်ကျေးရွာအုပ်စု၊ သမော်အင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ထိုသို့ ချေးငွေထုတ်ချေးပေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သမော်အင်းကျေးရွာရှိ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၃၅ ဦးကို စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ

## ပန်းချီနေမျိုး (၁၂)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ ခင်းကျင်းပြသ



**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၀ လမ်းနှင့် ၁၁၁ လမ်းကြား၊ လမ်း ၇၀နှင့် လမ်း ၇၀(အေ)လမ်း၊ သံလွင်လမ်းသွယ်ရှိ Lavender Mists Art Studio က စီစဉ်သော Zero Project တွင် နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ပန်းချီနေမျိုး၏ (၁၂)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါ ပြပွဲသို့ ဖိတ်ကြားထားသော ပန်းချီဆရာများ၊ ကဗျာဆရာ၊ စာရေးဆရာများနှင့် မီဒီယာသမားများ တက်ရောက်ကြသည်။ ပြပွဲတွင် အခရိုင်းလစ်ပန်းချီကား ၂၅ ကားကို ပြသထားသည်။

"ပန်းချီကားတွေက ၂၀၁၈ ခုနှစ်က ရေးဆွဲခဲ့တဲ့ ပန်းချီကားများနဲ့ ယခုနှစ် ၂၀၂၅ ခုနှစ်မှာ ရေးဆွဲခဲ့တဲ့ နှစ်ပေပတ်လည် ပန်းချီကားတွေဖြစ်ပါတယ်။ မိနီမန်လစ်လက်ရာပန်းချီကားများနဲ့ လူပုံပန်းချီကား တစ်ဝက်စီ ပြသထားခြင်းဖြစ်ပြီး ပန်းချီကားတစ်ကားကို ငွေကျပ် ကိုးသိန်းဖြင့် ရောင်းချပေးမှာ ဖြစ်ပါတယ်"ဟု ပန်းချီဆရာနေမျိုးက ပြောသည်။

ပန်းချီပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(PNT)

## အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်း၍ အပတ်စဉ် ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များကို ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက် ၈ နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အသား၊ ငါးနှင့် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။




ထိုသို့ရောင်းချရာ၌ ဝက်သားပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီပိဿာ ၁၁၀ တို့အား လက်ရှိပေါက်ဈေးအောက် ၂၀ ရာခိုင်နှုန်းလျှော့ချ၍ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပြည်သူ့ဆေးရုံ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အစိုးရနည်းပညာစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တို့တွင် ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

★ ရှေ့ဖုံးမှ

### ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ရော်ဘာထုတ်လုပ်မှုများတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်များထုတ်လုပ်လျက်ရှိမှုနှင့် နေလှန်းဆားများထုတ်လုပ်၍ ပြည်ပသို့တင်ပို့နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME ထုတ်ကုန်များပြပွဲ၊ ပြိုင်ပွဲများကျင်းပပြုလုပ်လျက်ရှိမှု၊ ပြည်နယ်အတွင်း ပညာရေးကဏ္ဍ မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းများ၌ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့် ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ခရီးသွားလာမှုများပြားသည့် ပြည်နယ်ဖြစ်သည့်အတွက် ဟိုတယ်နှင့်တည်းခိုခန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ်အသုံးပြု၍ လျှပ်စစ်မီးပေးနိုင်ရေး ရင်းနှီးမတည်ငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ မွန်ပြည်နယ်အတွင်း ခရီးစဉ်ဒေသများစွာဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ထားရှိသဖြင့် လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းပြေးဆွဲပေးစေလိုမှု၊ မျိုးစေ့ထုတ်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးသန့်မျိုးပွားမျိုးစေ့ (RS)များ ပံ့ပိုးပေးစေလိုမှု၊ ရော်ဘာစိုက်ပျိုးမှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးချေးငွေများ ထပ်မံထုတ်ပေးစေလိုမှု၊ ပြည်နယ်အတွင်း ဆန်စက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီပေးစေလိုမှုနှင့်အခြားလိုအပ်သည်များကို ရှင်းတင်ပြကြသည်။

### တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်လုပ်ငန်းရှင်များ၏ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ထုတ်ချေးငွေများ ရရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ လေကြောင်းခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ စပါးမျိုးသန့်မျိုးပွားမျိုးစေ့များ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးထားပြီး ထပ်မံလိုအပ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးထားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ထပ်မံလိုအပ်သည့် ရင်းနှီးမတည်ငွေများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိစေရေး တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ (ရိုဘတ်စတာမျိုး)များစိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ရော်ဘာအထွက်နှုန်းကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိမှု၊ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုများ လျော့ကျလျက်ရှိမှု၊ ကမ်းရိုးတန်းဒီရေတောများ ပိုမိုတိုးချဲ့စိုက်ပျိုးပေးနိုင်မှု၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုမရှိစေရေး သစ်ပင်သစ်တောများ တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း ဝါးများ ပေါကြွယ်ဝစွာ ပေါက်ရောက်သည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်များကိုထုတ်လုပ်နိုင်မှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားသက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### မွန်ပြည်နယ်ရှိ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် ဒေသစီးပွားရေး ကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြား

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုတစ်ကြိမ်မော်လမြိုင်ခရီးစဉ်၌ မော်လမြိုင်ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာမြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မွန်ပြည်နယ်သည် စီးပွားရေးတိုးတက်ကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် နေရာများစွာရှိကြောင်း၊ ထို့ကြောင့် "အိမ်သာမှ ဧည့်လာမည်"ဆိုသည့်အတိုင်း မိမိတို့ မြို့ရွာပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများလည်း များစွာရှိသဖြင့် ပြန်လည်ပြုပြင် ထိန်းသိမ်း၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း။

မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများလွတ်လပ်စွာ အပန်းဖြေ အနားယူနိုင်ရေးအတွက် လူသွားလမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်သည့် နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်လေဆိပ်တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများ အနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မီးရထားပို့ဆောင်ရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက်လည်း ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည် ပြုပြင်ခြင်းများကို ဆောင်ရွက်လျက် ရှိကြောင်း၊ သို့သော် အချို့သော အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီးလမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးခဲ့ရမှုများရှိကြောင်း၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် နှောင့်နှေးနေရကြောင်း။

စာမျက်နှာ ၄ သို့ ★

- ပညာရေးနှင့်ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ အားကစားကို အဆင့်မီမီဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ
- ပညာသင်ယူရုံသာမက ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း ဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ထွက်ပေါ်လာမည်
- သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်သားသမီးများ အမှန်တကယ်စာတတ်မြောက်စေရေး၊ အနာဂတ်ဘဝလမ်းခရီးကို ပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှုကင်းစွာ ဖြတ်သန်းသွားနိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

★ စာမျက်နှာ ၃ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်က ထုတ်ချေးပေးထားသည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စနစ်တကျ ပြန်လည်ပေးဆပ်ကြရန်လည်း လိုကြောင်း။

မိမိတို့အနေဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများ ဖြစ်စေရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးထားကြောင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့နည်းလာမည် ဆိုပါက ပြည်တွင်းကုန်ဈေးနှုန်းများလည်း ကျဆင်းလာမည် ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်း လိုအပ်သည့် ရောင်းလိုအားနှင့် ဝယ်လိုအားကို တွက်ချက်၍ ကုန်ထုတ်လုပ်မှုများကိုစနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့်ပိုလျှံသည့် ထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သဖြင့် ဒေသဝင်ငွေတိုးတက်မှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ဝမ်းစာဖူလုံမှုကို များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးစိုက်ပျိုးမှုအပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့် သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများ တိုးတက်စေရေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စပါးတစ်ဧကအထွက်နှုန်းပြည့်မီရေးအတွက် နည်းစနစ်တကျစိုက်ပျိုးရန်လိုပြီး ပင်ကြားတန်းကြားများ ပြည့်မီအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် လေးမျိုးကို စနစ်တကျအသုံးချ၍ စိုက်ပျိုးဆောင်ရွက်သွားမည် ဆိုပါက တစ်ဧက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မွန်ပြည်နယ်နှင့် ပတ်သက်၍ ခရိုင်များအလိုက် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ ထိုသို့ဖွင့်လှစ်ရာတွင် မွေးမြူရေးပညာရပ်အတွက် တက်ရောက်သည့် ကျောင်းသား ကျောင်းသူဦးရေမှာ နည်းပါးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသ၏ကုန်ထုတ်လုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကိုရရှိမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေး၌ အရေးပါသည့် အသား၊ ငါး၊ ဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် သက်သာသောဈေးနှုန်းရရှိစေရေး မွေးမြူရေးလုပ်ငန်းသည် အရေးကြီးကြောင်း၊ ဒေသအတွက်လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့် ဥများ၏ ဈေးနှုန်းများ တည်ငြိမ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ တိုးချဲ့ ဆောင်ရွက်သွားကြရန် လိုသကဲ့သို့ မီးဖိုချောင်သုံးသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် အသား၊ ငါးများကို အအေးခံအသား၊ ငါးများအဖြစ် အဆင့်မြှင့်ကုန်ချောထုတ်ကုန်များ ပြုလုပ်ကာ ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

- ○ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ငရုတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်
- ○ ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့ရ
- ○ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းဂွတ်၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာ တိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုံးရေရရှိစေရေးအတွက်လည်း မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်

ထိုကဲ့သို့ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက်အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေး အထူးအလေးပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားသော်လည်း တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမှာ နည်းပါးနေသေးသဖြင့် အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများ ယခင်ကထက် မြင့်မားလာစေရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်ပညာသင်ယူနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည့်အထိသာ ကျောင်းတက်ရောက်ခဲ့ရသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လမ်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပါဝင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့် ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာ ကျောင်းများ၌ အားကစားကို အဆင့်မိမိ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာသင်ယူရုံသာမက ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း ဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင် သန့်စွမ်းသည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ထွက်ပေါ်လာမည် ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်သားသမီးများ အမှန်တကယ်စာတတ်မြောက်စေရေး၊ အနာဂတ်ဘဝလမ်းခရီးကို ပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှုကင်းစွာ ဖြတ်သန်းသွားနိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုအားနည်းလာသဖြင့် အချို့သော နယ်စပ်ဂိတ်များကို ပိတ်ထားရကြောင်း၊ အချို့သော ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်ရှိကြောင်း၊ အလားတူ နယ်စပ်ဒေသများ၌ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) ကျူးလွန်နေသူများ မရှိစေရေးအလေးထားဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အခြေပြုဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများကိုပါ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အမြစ်ပြတ် ချေမှုန်းရှင်းလင်းသွားမည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ငရုတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းဂွတ်၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်

စာမျက်နှာ ၅ သို့★

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



★ စာမျက်နှာ ၄ မှ

သုံးရေရရှိစေရေးအတွက်လည်း မြစ်ရေတင် စီမံကိန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များ ပေးခဲ့ပြီး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်း၏ အသီးအပွင့်များကို အမှန်တကယ် အကျိုးခံစားရမည်မှာ ၎င်းဒေသတွင် နေထိုင်သည့် ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး အားသည်လည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

- နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ
- ထိုသို့ဆောင်ရွက်ပေးခြင်း၏ အသီးအပွင့်များကို အမှန်တကယ် အကျိုးခံစားရမည်မှာ ၎င်းဒေသတွင် နေထိုင်သည့် ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး အားသည်လည်း ကောင်းလာနိုင်မည်
- မွန်ပြည်နယ်အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလို

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်အစိုးရအဖွဲ့ အားကစားနှင့် ကာယပညာဦးစီးဌာန ရာမညအားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ရာမညအားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ ပြည်နယ်ကျောင်းသား အားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ လူငယ်စင်တာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပြည်နယ်အားကစားဥယျာဉ် တည်ဆောက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နှောင့်နှေးမှုဖြစ်ပေါ်လာနိုင်မည့် အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းတွက်ချက်၍ ရေရှည်အကျိုးဖြစ်စေသည့် ဆောင်ရွက်မှုများဖြစ်ရန်လိုကြောင်း၊ အားကစားကွင်းများသည် အဆင့်မီရမည်ဖြစ်ပြီး အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိစွာဖြင့် ကစားနိုင်သည့် အနေအထားဖြစ်ရန်လိုသကဲ့သို့ ပွဲကြည့်ပရိသတ်များအနေဖြင့် ပြည်နယ်အဆင့်နှင့်လျော်ညီစွာ ကြည့်ရှုအားပေးနိုင်ရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင် ပညာရေးဒီဂရီကောလိပ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင် တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။





နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှု အခြေအနေများအား စစ်ဆေး နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက် ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေ အနေများအား စစ်ဆေးသည်။

ဦးစွာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်က တိုင်းစစ်ဌာန ချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်နေမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လမ်းပန်း ဆက်သွယ်မှုများ ကောင်းမွန်ရေးနှင့် လုံခြုံမှုရှိစေ ရေး ဆောင်ရွက်လျက်ရှိမှု၊ ကရင် ပြည်နယ် မြဝတီမြို့နယ်ရှိ အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်း များ လုပ်ဆောင်လျက်ရှိသော တရားမဝင် ဆောက်လုပ်ထား သည့် KK Park အဆောက်အအုံ များအား ရှင်းလင်းဆောင်ရွက် လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများမရှိစေ ရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်း အသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်း လောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ မရှိစေရေး အလေးထားဆောင် ရွက်လျက်ရှိမှုနှင့် အခြားလိုအပ် သည်များကို ရှင်းလင်းတင်ပြ သည်။

### ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော် လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေး ကော်မရှင်ဥက္ကဋ္ဌက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေ စိုးမိုးရေး လုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင် ရန်လိုကြောင်း၊ ဒေသတွင်းလုံခြုံ ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲ ဂရုပြုနေရန်နှင့် အလေးအနက် ထား ဆောင်ရွက်သွားရန် လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်သည့် လုပ်ဆောင် သင့် လုပ်ဆောင်ထိုက်သည်များ အားလုံးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန် လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရအရေးကြီးသည့် လမ်းကြောင်းများအားလုံး လုံခြုံ ချောမွေ့စွာဖြင့် သွားလာအသုံးပြု နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများကိုလည်း မိမိ တို့အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆက်လက် ရှင်းလင်းတိုက်ဖျက် ဆောင်ရွက်သွားရမည် ဖြစ် ကြောင်း။

တိုင်းစစ်ဌာနချုပ် နယ်မြေ အတွင်းရှိ တပ်များအားလုံး၊ စစ်သည်များ အားလုံးအနေဖြင့် စစ်သည်တော်ကောင်း စိတ်ဓာတ် ဖြင့် မိမိတို့တပ်ဖွဲ့၊ အဖွဲ့အစည်း၏ ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက် သွားကြရန်လိုကြောင်း၊ စည်းကမ်း စနစ်တကျရှိပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝသည့် တပ်များဖြစ်စေရေးအတွက်လည်း ကြပ်မတ် လေ့ကျင့်ဆောင်ရွက် နေရမည်ဖြစ်ကြောင်း၊ ကာကွယ် ရေးစွမ်းပကား မြင့်မားစေရေး အတွက်လည်း မိမိတို့တပ်ရင်း၊ တပ်ဖွဲ့များအလိုက် လေ့ကျင့်ရေး လုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စစ်သည် တစ်ဦးတစ်ယောက် ချင်းစီအလိုက် တိုက်ပွဲဝင်လိုသည့် စိတ်ဓာတ်၊ တိုက်ပွဲဝင်ရဲသည့် စိတ်ဓာတ်များ ရှိစေရေးအတွက် လည်း လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ မကြာမီကျင်းပ ပြုလုပ်သွားမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စေရေးအတွက်လည်း လိုအပ်သည်များကို အလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွား ဖော်ဆောင်ရေး တို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ အနေဖြင့် တတ်စွမ်းသရွေ့ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

### ဆေးရုံတက်ရောက်ကုသမှုခံယူ နေသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေး

ယင်းနောက် နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက် ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံ ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုအခြေအနေ၊ ရောဂါ ကုသပျောက်ကင်းမှု အခြေအနေ ကို တစ်ဦးချင်း လိုက်လံ တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည် များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား အားပေးစကား ပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၄၁ ရက်

သာ လိုတော့သည်။

✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့ ၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြု စနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇ - ၁၁ - ၂၀၂၅ ရက်နေ့မှ ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့အထိ နံနက် ၀၉ ၀၀ နာရီမှ ညနေ ၁၆ ၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံတွင်ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးနှင့် ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. Sundaresh Menon ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် "(၁၂)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး"သို့ တက်ရောက်သည်။




အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသော အစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

နိုဝင်ဘာ ၁၅ ရက်တွင်ပြည်ထောင်စုတရားသူကြီးချုပ်သည် စင်ကာပူနိုင်ငံ တရားရုံးချုပ်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသို့ တက်ရောက်ပြီး အခြား အာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ အာဆီယံတရားရေးပေါ်တယ် (ASEAN Judiciaries Portal) လုပ်ငန်းအဖွဲ့၊ တရားမမှုခင်းများဆိုင်ရာ (Civil Proceedings) လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာဆိုင်ရာ (Case Management and Court Technology)လုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် သင်ကြားရေးဆိုင်ရာ (Judicial Training and Education)လုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများဖြေရှင်းရေး (Cross-Border Disputes Involving Children) လုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်းဆိုင်ရာ (Conduct of Video Conferencing Hearings) လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်းဆိုင်ရာ (ASEAN + Meetings) လုပ်ငန်းအဖွဲ့နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှု (Climate Justice)လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်ပြီး လုပ်ငန်းများ၊ ရရှိသည့်အောင်မြင်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များ ကောင်စီသို့ တင်ပြအတည်ပြုချက်ရယူကြရာ ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာနိုင်ငံ တရားစီရင်ရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးရလဒ်ဖြစ်သည့် စင်ကာပူကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံးက ပါဝင်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးတရားရုံးနှင့် စင်ကာပူနိုင်ငံ ဥပဒေအကယ်ဒမီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာအငြင်းပွားမှုများဆိုင်ရာ ဆွေးနွေးပွဲ (SICC-SAL Seminar on International Disputes)၊ နိုဝင်ဘာ ၁၄ ရက်တွင် လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံ တရားသူကြီးများအစည်းအဝေး (ASEAN Insolvency Judges Meeting)၊ အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်ဥပဒေကျင့်သုံးမှုဆိုင်ရာ ဆွေးနွေးပွဲ (Seminar on Transnational Practice of Law in ASEAN)၊ လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN Insolvency Judges and Practitioners Meeting)နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN IP Judges and Practitioners Meeting) တို့သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဂါဇာအရေးဆွေးနွေး

ဂျေရုဆလင် နိုဝင်ဘာ ၁၆

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ကြား ဂါဇာဒေသအခြေအနေနှင့်ပတ်သက်၍ ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း ကရင်မလင် သတင်းထုတ်ပြန်ရေးအဖွဲ့က နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသအခြေအနေများအပါအဝင် ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး ဆောင်ရွက်မှုအခြေအနေ၊ အီရန်နျူကလီးယားအရေး၊ ဆီးရီးယားအရေးနှင့် ထိန်းသိမ်းထားသည့် အကျဉ်းသားများလဲလှယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးအတွက် အီဂျစ်၊ အမေရိကန်၊ တူကီယဲနှင့် ကာတာနိုင်ငံများမှ ကိုယ်စားလှယ်များသည် ယခုနှစ် အောက်တိုဘာ ၆ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ရာ အောက်တိုဘာ ၁၀ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သည်။

ရုရှားနိုင်ငံသည် ဂါဇာအရေး ဆုံးဖြတ်ချက်မူကြမ်းကို နိုဝင်ဘာ ၁၃ ရက်တွင် ကုလသမဂ္ဂသို့ တင်သွင်းခဲ့ပြီး အမေရိကန်သမ္မတထရမ့်၏ ဂါဇာဒေသငြိမ်းချမ်းရေးအစီအစဉ်ကိုထောက်ခံရန် အမေရိကန်က ကုလသမဂ္ဂအား တွန်းအားပေးမှုအပေါ် တုံ့ပြန်ခဲ့သည်။

ရုရှားနိုင်ငံက တင်သွင်းသည့် အဆိုပြုချက်တွင် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့အား ကုလသမဂ္ဂအုပ်ချုပ်မှုအောက်တွင်ထားရှိရေး၊ ဂါဇာဒေသအတွင်း နယ်မြေပြောင်းလဲ သတ်မှတ်မှု ဆန့်ကျင်ရေးနှင့် နှစ်နိုင်ငံဆုံးဖြတ်ချက်ကို ဆောင်ရွက်ရေးသတ်မှတ်ထားသည်။

အမေရိကန်ကတင်သွင်းသည့် အဆိုပြုချက်တွင် ကုလသမဂ္ဂ၏ ထိန်းချုပ်မှုမှ ကင်းလွတ်သည့် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းရေးနှင့်ဂါဇာဒေသ၏လုံခြုံရေးကိုအချိန်ကာလ သတ်မှတ်ချက်ထားရှိခြင်းမရှိဘဲ အစ္စရေးက တာဝန်ယူရေး အဆိုပြုခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



## အင်္ဂလိပ်ဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် သတ်မှတ်ကာ ဗီယက်နမ်၌ ၂၀၃၀ ပြည့်နှစ်တွင် တစ်တန်းမှစ၍ မဖြစ်မနေ သင်ယူရမည်

**ဟနွိုင်း နိုဝင်ဘာ ၁၆**

မကြာသေးမီက ဗီယက်နမ်အစိုးရသည် ၂၀၂၅ ခုနှစ်တွင် အင်္ဂလိပ်ဘာသာစကားကို ကျောင်းအားလုံး၌ မဖြစ်မနေသင်ယူရမည့် ဒုတိယဘာသာစကားအဖြစ်သတ်မှတ်ရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ၁ တန်းမှစ၍ မဖြစ်မနေ သင်ကြားရမည့် ဘာသာရပ်အဖြစ် သတ်မှတ်ရန် နိုင်ငံလုံးဆိုင်ရာ စီမံကိန်းကို ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထို့ပြင် ယင်းစီမံကိန်းအသစ်အရ သူငယ်တန်းနှင့်မူကြိုကျောင်းအားလုံးသည် နောက်ငါးနှစ်အတွင်း ကလေးများကို အင်္ဂလိပ်ဘာသာစကားနှင့် မိတ်ဆက်ပေးရမည်ဖြစ်သည်။

လက်ရှိတွင် အင်္ဂလိပ်ဘာသာစကားသည် တစ်တန်းနှင့် နှစ်တန်းတွင် ရွေးချယ်နိုင်သော ဘာသာရပ်တစ်ခုအဖြစ်ရှိနေသေးသော်လည်း ကျောင်းအချို့တွင် ကျောင်းသားများကို အစကတည်းကပင် ထိုဘာသာစကားနှင့် သဘာဝအတိုင်း ရင်းနှီးစေရန်အတွက် ပေါင်းစည်းထားသော အင်္ဂလိပ်ဘာသာစကားအစီအစဉ်ကို သင်ကြားပေးလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် ကျောင်းသား ၉၀ ရာခိုင်နှုန်းကျော်သည် အစိုးရ သို့မဟုတ် ပြည်သူပိုင်ကျောင်းများသို့ တက်ရောက်ကြသည်။

မူလတန်းကျောင်းများတွင် တစ်တန်းမှ ငါးတန်းအထိ ကျောင်းသားများရှိကြသည်။ အလယ်တန်းကျောင်းသည် ခြောက်တန်းမှ ကိုးတန်းအတွက်ဖြစ်ပြီး၊ အထက်တန်းကျောင်းသည် ၁၀ တန်းမှ ၁၂တန်းအတွက်ဖြစ်ကာ ထိုအတန်းများအောင်ပြီးနောက် ကျောင်းသားများသည် တက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်ကြသည်။

ဗီယက်နမ်ကျောင်းသားများအတွက် ရည်ရွယ်သည့် ပုဂ္ဂလိကကျောင်းအနည်းငယ်ရှိပြီး နိုင်ငံတကာကျောင်း ၈၀ ခန့်ရှိရာ အများစုမှာ ဟနွိုင်းနှင့်ဟိုချီမင်းမြို့တို့တွင် ဖြစ်သည်။

နိုင်ငံတကာကျောင်းများသည် အဓိကအားဖြင့် နိုင်ငံခြားသားလူ့အဖွဲ့အစည်းကို ဝန်ဆောင်မှုပေးနေပြီး သင်ကြားရေးဘာသာစကားအဖြစ် အင်္ဂလိပ်၊ ပြင်သစ်နှင့် ရုရှားစသည့် ဘာသာစကားများကို အသုံးပြုနေကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ရှင်ကျိုး၂၂ အာကာသယာဉ်ကို စောစီးစွာ လွှတ်တင်ရန် တရုတ်နိုင်ငံတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဟု ဆို



**ပေကျင်း နိုဝင်ဘာ ၁၆**

တရုတ်နိုင်ငံသည် ၎င်း၏ အမြဲတမ်း လူသားများနေထိုင်သော အာကာသစခန်းသို့ ရှင်ကျိုး၂၂ အာကာသယာဉ်ကို သတ်မှတ်ချိန်ထက် စောစီးစွာ လွှတ်တင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း နိုင်ငံပိုင် စီစီတီဗွီ ရုပ်သံသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသအစီအစဉ်ကို ပုံမှန်အတိုင်း ပြန်လည်စတင်နိုင်ရန်အတွက် ရှင်ကျိုး၂၂ အာကာသယာဉ်ကို မူလသတ်မှတ်ထားသော လွှတ်တင်မည့်အချိန်ထက်ခြောက်လစောပြီးလူသားများ မပါဝင်ဘဲ တီယန်ကောင်း အာကာသစခန်းသို့ စေလွှတ်ရမည်ဖြစ်သည်။

ရှင်ကျိုး အာကာသခရီးစဉ်များသည် ၂၀၂၂ ခုနှစ်မှစ၍ စနစ်တကျ လည်ပတ်ခဲ့သော်လည်း ၁၀ရက်အကြာတွင် ရှင်ကျိုး၂၀ သည် တီယန်ကောင်း အာကာသစခန်း၌ ဆိုက်ကပ်ထားစဉ် ပျက်စီးခဲ့ရာ ၎င်း၏အာကာသယာဉ်မှူး သုံးဦးအဖွဲ့ကို အခြားအာကာသယာဉ်မှူး သုံးဦးအဖွဲ့နှင့်အတူ ကိုးရက်ပို၍နေထိုင်ရန် တွန်းအားပေးခဲ့သည်။

ယမန်နေ့က ရှင်ကျိုး၂၀ အဖွဲ့သားများသည် ရှင်ကျိုး၂၁ အာကာသယာဉ်ပေါ်သို့ တက်ရောက်ကာ ကမ္ဘာမြေသို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့သော်လည်း နှစ်ပတ်အကြာကမှ ရောက်ရှိလာခဲ့သော အာကာသယာဉ်မှူး သုံးဦးအဖွဲ့ကိုမူ အရေးပေါ်အခြေအနေမျိုးတွင် ၎င်းတို့ကို အိမ်သို့ ပြန်ခေါ်လာနိုင်မည့် ယာဉ်မရှိဘဲ အာကာသစခန်း၌ ထားခဲ့ရကြောင်း သိရသည်။ Mon

## အရှေ့မြောက်ပိုင်း တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ် အရှိန်မြှင့်တင်

**ပေကျင်း နိုဝင်ဘာ ၁၆**



အရှေ့မြောက်ပိုင်း တရုတ်နိုင်ငံ၏စက်မှုလုပ်ငန်း အခြေစိုက်စခန်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအကြား ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ်သည် နည်းပညာပံ့ပိုးမှုဝန်ဆောင်မှုစနစ်နှင့် စည်ပင်ဖွံ့ဖြိုးနေသော စက်မှုဂေဟစနစ်၏ အကူအညီဖြင့် အရှိန်အဟုန်မြှင့်တင်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့မြောက်ပိုင်း တရုတ်နိုင်ငံ လျောင်နင်ပြည်နယ်ရှိ ဝက်ဝံဘောလ်များ၏ အဓိကထုတ်လုပ်မှု အခြေစိုက်စခန်းဖြစ်သော ဝါဖန်တီယန်မြို့တွင် ဒေသတွင်းထုတ်လုပ်သူများသည် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းကို ရှာဖွေလုပ်ဆောင်နေကြသည်။

ကျင်းဂူဝက်ဝံဘောလ်ကုမ္ပဏီတွင် ယခင်ကထုတ်လုပ်မှုသည် ဝါရင့်လုပ်သားများ၏ အတွေ့အကြုံအပေါ်တွင်သာ လုံးလုံးလျားလျားမူတည်ခဲ့ရာမှ ယခုအခါတွင် တိကျသော ဒေတာအတိုင်းအတာများဖြင့် လည်ပတ်မှုကို လမ်းညွှန်လျက်ရှိသည်။

"ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲလိုက်ခြင်းက ကျွန်တော်တို့ရဲ့ ထုတ်လုပ်နိုင်စွမ်းနဲ့ စွမ်းဆောင်ရည်ကို အဆင့်သစ်တစ်ခုအထိ မြှင့်တင်ပေးလိုက်တာဖြစ်ပါတယ်" ဟု ကုမ္ပဏီပိုင်ရှင် ဇူတုန်မင်းက ပြောကြားသည်။

"၎င်းစနစ်က ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို ဉာဏ်ရည်ဉာဏ်သွေးရှိရှိ ခွဲခြမ်းပြီး စက်ပစ္စည်းတွေကို စီစဉ်ပေးတာကြောင့် လုပ်သားတွေအနေနဲ့ လိုအပ်တဲ့ပစ္စည်းတွေကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ပါတယ်။ တိကျတဲ့လုပ်ငန်းတွေအတွက်ဆိုရင်လည်း သူတို့ရဲ့ဖုန်းတွေကနေ နည်းပညာပုံကြမ်းတွေကို အလွယ်တကူ ကြည့်ရှုနိုင်ပါတယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

အနီးအနားရှိ အခြားသော ထုတ်လုပ်သူတစ်ဦးထံတွင် ထုတ်ကုန်စစ်ဆေးမှု ဒေတာအားလုံးကို အချိန်နှင့်တစ်ပြေးညီသိမ်းဆည်းပြီး မှတ်တမ်းတင်ထားကာ ခွဲခြမ်းစိတ်ဖြာရန်အတွက် လိုအပ်ပါက ဘက်စုံပြည့်ဝသောအစီရင်ခံစာများကို ရယူနိုင်မည်ဟု ဆိုသည်။

ယင်းဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲလိုက်ခြင်းသည် ထုတ်လုပ်မှုစွမ်းဆောင်ရည်ကို ၂၀ ရာခိုင်နှုန်းတိုးမြှင့်ပေးခဲ့ပြီး လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များကို ၁၅ ရာခိုင်နှုန်း လျှော့ချပေးခဲ့သည်ဟုလည်း ၎င်းက ထပ်လောင်းပြောကြားကြောင်း သိရသည်။

Mon

## လစ်ဗျားကမ်းရိုးတန်းအနီးတွင် လှေနှစ်စင်း တိမ်းမှောက်နစ်မြုပ်၊ ရွှေ့ပြောင်းနေထိုင်သူ အနည်းဆုံးလေးဦး သေဆုံးခဲ့သည်ဟု ဆို

**ထရီပိုလီ နိုဝင်ဘာ ၁၆**

ရွှေ့ပြောင်းနေထိုင်သူများနှင့် ခိုလှုံခွင့်တောင်းခံသူများ တင်ဆောင်လာသော လှေနှစ်စင်းသည် လစ်ဗျားကမ်းရိုးတန်းအနီးတွင် တိမ်းမှောက်နစ်မြုပ်သွားခဲ့ရာ အနည်းဆုံး လူလေးဦး သေဆုံးခဲ့သည်ဟု လစ်ဗျားလခြမ်းနီအဖွဲ့က ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်ရပ်သည် ယခင်အပတ်က ကမ်းရိုးတန်းမြို့ဖြစ်သော အယ်လ်ခွန်းမ်မြို့အနီးတွင် ဖြစ်ပွားခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းက ထုတ်ပြန်ကြေညာသည်။

ပထမလှေတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၂၆ဦး လိုက်ပါလာခဲ့ပြီး ၎င်းတို့အနက်မှ လေးဦး သေဆုံးခဲ့သည်။ ဒုတိယလှေတွင် အီဂျစ်လူမျိုးနှစ်ဦးနှင့် ဆူဒန်လူမျိုး ဒါဇင်များစွာ အပါအဝင် လူ ၆၉ ဦး လိုက်ပါလာကြောင်း လခြမ်းနီအဖွဲ့က ထပ်လောင်းပြောကြားခဲ့သော်လည်း ၎င်းတို့၏ကံကြမ္မာကိုမူ အတိအကျ ဖော်ပြထားခြင်းမရှိပေ။ ၎င်းတို့အုပ်စုထဲ၌ ကလေးငယ်ရှစ်ဦး ပါဝင်ခဲ့သည်ဟု ဆိုသည်။

အယ်လ်ခွန်းမ်မြို့သည် မြို့တော်ထရီပိုလီ၏ အရှေ့ဘက် ၁၁၈ကီလိုမီတာ(၇၃မိုင်) အကွာတွင်တည်ရှိသော ကမ်းရိုးတန်းမြို့ဖြစ်ကြောင်း သိရသည်။ Mon

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီဥက္ကဋ္ဌ ဦးရဲထွန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



မဲဆန္ဒရှင် မိတ်ဆွေပြည်သူများ ခင်ဗျာ -

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်း ဖြစ်ပါတယ်။ မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထား၍ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ၂၀၁၀ ပြည့်နှစ်ကတည်းက မှတ်ပုံတင်အမှတ်(၁၇)ဖြင့် တရားဝင်ရပ်တည်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သလို ၂၀၂၃ ခုနှစ်တွင် မှတ်ပုံတင်အမှတ်(၄၄)ဖြင့် ဆက်လက်ရပ်တည်ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲမှာ အင်းစိန်ခရိုင်နှင့် တွံတေးခရိုင်တို့တွင် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲများနှင့် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ပါဝင်အရွေးခံမှာ ဖြစ်ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှတို့၏ မတရားသိမ်းပိုက်ထားမှုအောက်မှာ နှစ်ပေါင်း(၁၀၀)ကျော် ကျွန်နိုင်ငံအဖြစ်နေခဲ့ရပြီး ကျွန်တော်တို့ဘိုးဘွားများက အသက်သွေးချွေး ပေးဆပ်စတေးကာ သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအလီလီကို ဆင်နွှဲခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးကြေညာနိုင်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထူထောင်၍ ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့ပါတယ်။

သို့ပေမယ့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သည့် တော်လှန်ရေးအစိုးရကို ဖွဲ့စည်းထူထောင်၍ ၁၉၇၄ ခုနှစ်၌ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သည့် တစ်ပါတီစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သလို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး ကြိုးပမ်းခဲ့ကြသဖြင့် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ ၁၅ နှစ်အကြာ ၂၀၀၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီး မေလ ၂၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ-

အဲဒီနောက် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထွက်ပေါ်လာခဲ့ရာ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာသော လူနေမှုဘဝကိုပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့်အတူ ပူပေါင်းဆောင်ရွက်သွားမည်"ဟု အဓိဋ္ဌာန်ပြုကာ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS(UNION OF MYANMAR) ကို နိုင်ငံရေးပါတီအဖြစ် ထူထောင်ခဲ့ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်အာဏာအရပ်ရပ်သည် နိုင်ငံသားများထံမှ ဆင်းသက်ရမည်ဟူသောမူကို အခြေခံ၍ အမျိုးသားနိုင်ငံရေးဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်ရေး၊ (၂) မတူကွဲပြားခြားနားသည့် သဘောထားအလျောက် နိုင်ငံရေးပါတီများ ဥပဒေနှင့်အညီ ထူထောင်ခွင့်ရှိပြီး တန်းတူညီမျှပါဝင်ယှဉ်ပြိုင်၍ နိုင်ငံတော်အာဏာကို ရယူသုံးစွဲခွင့်ရှိသော စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတော်ဖြစ်ပေါ်ရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အရေးကိစ္စတိုင်းတွင် ဥပဒေနှင့်အညီ အခွင့်အရေးရှိသည့် နိုင်ငံသားတိုင်းက ကာယ ဉာဏ ဝီရိယ စွမ်းအားအလျောက် တန်းတူညီမျှ အခွင့်အရေးရှိသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၄) အများစု၏သဘောဆန္ဒကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏သဘောဆန္ဒကို အများစုက တန်ဖိုးထားအသိအမှတ်ပြုခြင်း တည်းဟူသော ဒီမိုကရေစီကျင့်စဉ် အားကောင်းသည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊ (၅) နိုင်ငံသားတိုင်း လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ၊ လိင်ကွဲပြားမှုကြောင့် တန်းတူညီမျှ အခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူမှုဘဝဖြစ်ပေါ်ရေး၊ (၆) နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံချက်ပေးနိုင်သည့် ဥပဒေပေါ်ပေါက်နိုင်စေရေး၊ (၇) နိုင်ငံသားတိုင်း၏ လုံခြုံမှုဆိုင်ရာ အာမခံချက်များရရှိစေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးအာမခံချက် ရရှိစေရေး၊ (၈) နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်ရန်အတွက် အတတ်ပညာ၊ နည်းပညာတို့ကို လွယ်ကူစွာသင်ကြားနိုင်စေရန် နိုင်ငံတော်က ပံ့ပိုးနိုင်ရေး၊ (၉) ဒေသဆိုင်ရာအဖွဲ့စည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒကျင့်သုံး၍ နိုင်ငံအတွက်အကျိုးရှိပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံခြားရေးမူဝါဒ ဖြစ်ပေါ်ရေး၊ (၁၀) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ ဝိသေသလက္ခဏာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ (၁၁) တောင်သူလယ်သမားတို့၏ဘဝ မြင့်မားလာစေရန် နိုင်ငံတော်က နည်းပညာ၊ ချေးငွေ၊ သီးနှံဈေးကွက် ရရှိရေးနှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန် စက်ပစ္စည်းများ ဝယ်ယူတင်သွင်းခြင်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများ ဝယ်ယူရေးတို့တွင် အခွန်အခများသက်သာခွင့်ရရှိစေရန်၊ (၁၂) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အစဉ်အမြဲစောင့်ထိန်းနိုင်ရန် ခေတ်မီ၍ အင်အားပြည့်ဝသော ကာကွယ်ရေးစနစ် ထွန်းကားလာစေရန် စသည့် ဦးတည်ချက်များ ထားရှိပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) လက်နက်ကိုင်ပဋိပက္ခ အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ (၂) ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများ ထွန်းကားရေး၊ (၄) ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးဟူသည့် ရည်ရွယ်ချက်များ ထားရှိပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော နိုင်ငံရေးစနစ်၊ ဈေးကွက်စီးပွားရေးနှင့်ကိုက်ညီသော စီးပွားရေးစနစ်၊ နိုင်ငံတော်နှင့် ပြည်သူကိုအကျိုးပြုနိုင်သည့် ဥပဒေပြုရေးစနစ်၊ ပြည်သူလူထုက ရွေးပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးစနစ်၊ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာသင်ကြားရေးစနစ်၊ အာမခံချက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်သော ကျန်းမာရေးစနစ်၊ နိုင်ငံသားတိုင်း ခွင့်တူညီမျှ ခံစားနိုင်သော မြေယာစနစ်၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ အသိအမှတ်ပြုသော ငွေကြေးစနစ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်တို့ကြောင့် ထိခိုက်မှုကို တားဆီးကာကွယ်နိုင်သောစနစ်တို့ကို ခေတ်နှင့်အညီ အစဉ်အမြဲ လွတ်လပ်စွာ ရှင်သန်တိုးတက်ဖြစ်ပေါ်လာစေရန် စီမံဆောင်ရွက်မည်။ (၂) နိုင်ငံသားများ၏ လွတ်လပ်ခွင့်များ အစဉ်အမြဲ ရှင်သန်နေစေရေးကို ရှေးရှု၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ လူထုလူတန်းစားနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ လူမှုရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ ဘာသာရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ စီးပွားရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ အားကစားနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ တည်ထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်ဟု လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီ၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် လူ့ဂုဏ်သိက္ခာကင်းမဲ့ခြင်း၊ အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေခြင်း မဖြစ်ပေါ်စေရန်၊ (၂) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာကောင်းများကို မပျက်ပြားစေဘဲ ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝ ကျင့်သုံးနိုင်ပြီး ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး နည်းလမ်းကို စောင့်ထိန်းလိုက်နာရန်၊ (၃) လူ့အုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေး အစွန်းရောက်ဝါဒ၊ ဘာသာရေး အစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာကျင့်သုံးရန်၊ (၄) တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက် ထာဝစဉ်ရှင်သန်သက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေးလမ်းစဉ်ကို စောင့်ထိန်းလိုက်နာရန် အခြေခံမူများ ချမှတ်ထားပါတယ်။



မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဝင်တိုင်းဟာ နိုင်ငံတော်၊ နိုင်ငံသားများနှင့် ပါတီအပေါ်တွင် သစ္စာရှိခြင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို အားပေးမြှင့်တင် ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲထားရှိမွေးမြူခြင်း၊ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို မပျောက်မပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်ကို သက်ဝင်ယုံကြည် လိုက်နာကျင့်သုံးခြင်း စသည်တို့ကို "ပါတီဝင်များ၏ ကျင့်ဝတ်"အဖြစ် သတ်မှတ်ကာ လေးစားလိုက်နာ စောင့်ထိန်းကျင့်သုံးကြပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီ၏အလံမှာ အနီရောင် အောက်ခံပေါ်တွင် အဝါရောင် ခွပ်ဒေါင်းနှင့် ကြယ်ဖြူ ၁၄ လုံး ပါရှိပါတယ်။ အလံ၏အလယ်တွင် အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့် ခွပ်ဒေါင်းပုံနှင့် ခွပ်ဒေါင်း၏ အောက်နှင့် အထက်တို့တွင် အရွယ်တူ ကြယ်ဖြူ ခုနစ်လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အနီရောင်အောက်ခံမှာ ရဲစိတ်ရဲမာန် ထက်သန်ခြင်းသဘောကိုဆောင်ပြီး ကြယ်ဖြူ တစ်ဆယ့်လေးလုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်း ဖြစ်ပါတယ်။ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့်ဟန်ရှိသည့် ခွပ်ဒေါင်းသင်္ကေတမှာ နိုင်ငံတော်နှင့် နိုင်ငံသား၏ အကျိုးစီးပွား အမျိုး ဘာသာ သာသနာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် လုပ်ဆောင်ချက်များကို တွန်းလှန်တိုက်ဖျက်ချေမှုန်းရာတွင် လိုအပ်ပါက အသက်ကိုပင် စတေးမည်ဟူသည့် သဘောအဓိပ္ပာယ် ဆောင်ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လည်းကောင်း၊ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် နိုင်ငံသားတိုင်း တန်းတူရည်တူ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လည်းကောင်း၊ နိုင်ငံသားတိုင်း မွေးရာပါ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိသော လူနေမှုဘဝတစ်ခုကို ခိုင်ခိုင်မာမာ ထူထောင်နိုင်ရေးအတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးကို ရှေးရှု၍ အထွေထွေဟန့်တားနှောင့်ယှက်မှုများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကြား၌ ဂုဏ်သိက္ခာရှိစွာ မိတ်ဝတ်မပျက် ပါဝင်ရပ်တည်နိုင်ရေးအတွက် လည်းကောင်း ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ မြန်မာ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရှိသည့် လူနေမှုဘဝဖြစ်စေရေးအလို့ငှာ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြမည်ဟု အဓိဋ္ဌာန်ပြုပါတယ်။

ကျွန်တော်တို့ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အသက်(၁၈)နှစ်ပြည့်ပြီးသည့် နိုင်ငံသားများက ပါတီဝင်ခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးထောက်ခံခြင်းနှင့် လူအား ငွေအား အကြံဉာဏ်အားများဖြင့် ပံ့ပိုးပေးနိုင်ပါကြောင်းနှင့် ပါတီ၏ဆောင်ပုဒ်မှာ "ခွပ်ဒေါင်းအားမာန် မြဲရှင်သန်၊ ရရန်မလွဲ ဒို့အောင်ပွဲ"ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံးမှ မဲဆန္ဒရှင် မိဘပြည်သူအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံ တည်ထောင်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြပါစေခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၆**

ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။





အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တို့သည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍ (၃)ရပ်လုံးတွင် ပါဝင်ဆောင်ရွက်နေရသည့် ဌာနအဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ဥပဒေအရာရှိများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ''ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်''ဟူသော ဆောင်ပုဒ်ဖြင့် မူဝါဒများ၊ ရည်မှန်းချက်နှင့် တာဝန်များကို ၂၀၂၅-၂၀၂၉ မဟာဗျူဟာစီမံကိန်းတွင် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ဟုသိရှိရပါကြောင်း၊ ''ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသည့်ပညာဖြစ်သည်''ဆိုသော ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ဥပဒေအရာရှိများသည် ဥပဒေအရာရှိကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ကျင့်ကြံနေထိုင်ပြီး လုပ်ငန်းစွမ်းဆောင်ရည်နှင့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများအဖြစ် စံနမူနာပြဖြစ်ရမှာဖြစ်ပါကြောင်း၊ မိမိတတ်စွမ်းသည့် ဥပဒေအသိပညာများဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စေရေး၊ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများတွင် စွမ်းစွမ်းတမံနှင့် ပူးပေါင်းပါဝင် ထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ထပ်ဆင့်ရှင်းလင်းပြောကြားပြီးနောက် ဥပဒေရေးရာဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီး၏ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းလမ်းညွှန်ချက်များကို တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းက ထပ်ဆင့်ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ခရိုင်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လှုပ်ရှားဆောင်ရွက်မှု Video Clip ကို ပြသခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀

## ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သိုက်တောကျေးရွာအုပ်စု၊ ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်းမြေပေါင်တင် ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၂ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးဇေယျာညိုနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် ပြင်ဦးလွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ဘော်ကျေးရွာ ကုန်ထုတ်လမ်းအရှည် ၃မိုင်၊ အကျယ် ၁၂ပေ၊ မြေသားတစ်ပေ၊ ဂျင်းကျောက်ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု မြေသားတစ်ပေ၊ ထုခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးဖြစ်၍ သတ်မှတ်အရည်အသွေးပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၂၅ ဒသမ ၆၃၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုဘဏ္ဍာနှစ် မေလစတုတ္ထအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး၍ ဘော်ကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

**(ဓာတ်ပုံ)**

**အောင်ရဲကျော်**

## မီးလောင်မှုနှင့် မီးလန့်မှုများ လျော့နည်းကျဆင်းလာစေရန် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁၆**

အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသုံးစွဲမှုအခြေအနေများ စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးခန့်မင်းထက် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ သီရိမာလာအရှေ့အရန်မီးသတ်စခန်း အရန်မီးသတ် တပ်ကြပ်ကြီး စိုပြေဝင်း ဦးစီး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီရိမာလာအရှေ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမျိုးနှင့် တာဝန်ရှိသူများပူးပေါင်း၍ မြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများ လျော့နည်းကျဆင်းလာစေရေးအတွက် သီရိမာလာရှေ့ရပ်ကွက်၊ နဘဲကြူးရပ်ရှိ အိမ်ထောင်စု ၃၀၀၊ အိမ်ခြေ ၂၅၀၊ ရပ်ကွက်နေပြည်သူ ၇၅၀ ဦးတို့အား မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးသုံးစွဲမှုအခြေအနေများစစ်ဆေးခြင်း၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် ဝါယာကြိုးသွယ်တန်းထားမှုအခြေအနေများ စစ်ဆေးခြင်း၊ ရပ်ကွက်အတွင်း မီးသတိပေးဗီနိုင်းပိုစတာများ စိုက်ထူခြင်း၊ ရေရရှိရေးအတွက် Hydrants ငုတ်များစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး လိုအပ်သည့်အကြံပြုလမ်းညွှန်ပေးခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀

**ပန်းမန်သစ်ပင်**

**လေသန့်စင်၍**

**ဥယျာဉ်တောတန်း**

**စိတ်ရွှင်လန်း၏ ။**



# လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၆**

လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံ စေရန်၊ အသိပညာဗဟုသုတရရှိ



ပြီး နိုင်ငံတော်အတွက် အကျိုးပြု နိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သော လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း ချယ်ရီစူပါစိမ်းခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade-10 နှင့် Grade-11 တို့မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ယဉ်ကျေးမှု စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အမှတ်(၁၃) အထက်တန်းကျောင်း(ခွဲ)မှ တာဝန်ခံ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့(ချမ်း/စည်)**

ဝ-ဝ-ဝ-ဝ-ဝ

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**လွိုင်လင် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့ အမှတ်(၂) အခြေခံပညာကျောင်းတွင် ကျင်းပလျက်ရှိသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၃နာရီက အဆိုပါကျောင်း သံလွင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားကို ပန်းပိုးလက်ကိုယ်ပိုင်အထက်တန်းကျောင်း (ပင်လုံ)၊ ကျောင်းသား၊ ကျောင်းသူများက မင်္ဂလာပါသီချင်းဖြင့် ဖျော်ဖြေ၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် လွိုင်လင်ခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များဝယ်ယူရန် လွိုင်လင်တပ်နယ်မှူးက လှူဒါန်းငွေကျပ်ငါးသိန်း၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က အလှူငွေကျပ်ငါးသောင်းစီကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။

ထို့နောက် အ.ထ.က(၁) လွိုင်လင်၊ အ.ထ.က(၂)လွိုင်လင်နှင့် ပင်လုံကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ





# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး မြို့နယ်အဆင့် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ရုံးခန်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအဝင်မုခ်ဦး ဆောက်လုပ်ရေး၊ ဖျော်ဖြေရေးအဖွဲ့များ နေရာချထားရေးနှင့် ပြိုင်ပွဲများ ပြုလုပ်မည့် အခန်းများနှင့် ကျောင်းဝင်းအတွင်း ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားရာ မြို့နယ်ပညာရေးမှူး(တာဝန်ခံ) ဒေါ်အေးအေးမော်နှင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး မြို့နယ်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး(တာဝန်ခံ)နှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၅၆)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ပြည်ပသို့ လက်ဝတ်ရတနာများ ပြန်လည်တင်ပို့မည်

နိုင်ငံတကာဈေးကွက်တွင် ရွှေနဲ့ပြုလုပ်ထားသော အဆောင်ရုပ်၊ လက်ဝတ်ရတနာများ ပြည်ပကို တင်ပို့ဖို့ ပြင်ဆင်နေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများ အသင်းက ပြောသည်။ ၂၀၂၀ ပြည့်နှစ် မတိုင်ခင်ကာလတွေက ဂျပန်နဲ့ ကိုရီးယားနိုင်ငံများကို လက်ဝတ်ရတနာများ တင်ပို့ခဲ့ရာမှ ၂၀၂၀ နောက်ပိုင်းတွင် တင်ပို့မှုခြင်း မရှိသလောက် နည်းသွားတာ ဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မှာရှိတဲ့ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ တစ်သောင်းကျော် အလုပ်လက်မဲ့ ဖြစ်နေပြီး ပန်းထိမ်လုပ်ငန်းတွေ အလုပ်ပြန်ပေးနိုင်ဖို့ လက်ဝတ်ရတနာ ရွှေထည်တွေ ပြန်လည်တင်ပို့နိုင်ရေးအတွက် ပြင်ဆင်နေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

နိုင်ငံတကာဈေးကွက်မှာလည်း ရွှေထည်နဲ့ပြုလုပ်ထားတဲ့ အဆောင်လက်ဝတ်ရတနာကို ကြိုက်နှစ်သက်သောကြောင့် ဒီဈေးကွက်က ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်ပကို ရွှေထည် တင်ပို့ရာတွင် ၁၂ ပဲရည်ရွှေထည်နဲ့ပြုလုပ်ထားတဲ့ ရွှေထည်တွေကို အများဆုံး တင်ပို့ရောင်းချမှာဖြစ်တဲ့အတွက် အရောင်းအဝယ် အဆင်ပြေမှာ ဖြစ်တယ်ဟု ၄င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ နာမည်ကြီးရွှေဆိုင်ကြီးများ အပါအဝင် ရွှေဆိုင် ၁၀၀၀ ကျော် ဓာတ်သတ္တု(ရွှေ) ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိထားပြီး လစဉ်ရွှေဆိုင်အသစ် နှစ်ဆိုင် ဖွင့်လှစ်မှုရှိလာကြောင်း သိရသည်။ (ဝဲပုံ)

**ရွှေမန်း**




# ဘွဲ့ရလူငယ်မောင်မယ်များအား သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်

**မြစ်ကြီးနား နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ မြစ်ကြီးနားတက္ကသိုလ်တွင် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့ရလူငယ်မောင်မယ် ၂၄၀၀ ကျော်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့လက်မှတ်များ အသီးသီး အပ်နှင်းချီးမြှင့်ခဲ့ကြောင်း မြစ်ကြီးနား တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ အောင်ဝင်းထံမှ သိရသည်။

မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် နိုဝင်ဘာ ၈ ရက်မှစတင်ကာ ဘာသာရပ်အလိုက် ဘွဲ့ရလူငယ်မောင်မယ်များအား ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်၍ နိုဝင်ဘာ ၁၂ ရက်အထိ ဘာသာရပ်ပေါင်းစုံမှ လူငယ်မောင်မယ် ၂၄၃၈ ဦးအား မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဦးဆောင်သည့် အဖွဲ့မှ ပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

အခမ်းအနားတွင် မြစ်ကြီးနားတက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့က စင်မြင့်တွင် နေရာယူခြင်းမှ စတင်ကာ အစီအစဉ်များအတိုင်း ဆောင်ရွက်၍ ပထမနေ့တွင် ဝိဇ္ဇာဘာသာတွဲ ၂၂၁ ဦး၊ သိပ္ပံဘာသာတွဲ ၂၈၁ ဦး၊ ဥပဒေဘာသာရပ်တွင် ၇၅ ဦး၊ အဝေးရောက် ဘွဲ့လက်ခံသူ ၇၃ ဦး၊ ဒုတိယနေ့တွင် ဝိဇ္ဇာဘာသာတွဲ ၅၂၇ ဦး၊ သိပ္ပံဘာသာတွဲ ၆၄ ဦး၊ တတိယနေ့တွင် ဝိဇ္ဇာဘာသာတွဲ ၅၀၃ ဦး၊ သိပ္ပံဘာသာတွဲ ၆၆ ဦး၊ စတုတ္ထနေ့တွင် ဝိဇ္ဇာဘာသာတွဲ ၃၀၇ ဦး၊ သိပ္ပံဘာသာတွဲ ရှစ်ဦး၊ ပဉ္စမနေ့တွင် ဝိဇ္ဇာဘာသာတွဲ ၁၇၇ ဦး၊ သိပ္ပံဘာသာတွဲ ၁၂၆ ဦးအား ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဘွဲ့ရလူငယ်မောင်မယ်များနှင့် ၄င်းတို့၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၄)**



# တွေ့ခဲ့ဖူးသည့် တက္ကသိုလ်က ကျောင်းဆရာတစ်ဦး

ကျွန်တော်တက်ရောက်ခဲ့သည့် မန္တလေးတက္ကသိုလ်ကြီးသည် ဘာလိုလိုဖြင့် အနှစ်(၁၀၀) ပြည့်ခဲ့လေပြီ။ အနှစ်(၁၀၀)ဆိုသော တက္ကသိုလ်ကြီး ၏ သက်တမ်းသည်လည်း မသေးလှပေ။ သို့သော် ကျွန်တော်တို့ အမိတက္ကသိုလ်ကြီးက မွေးထုတ် ပေးလိုက်သော တာဝန်၊ဝတ္တရားတွေ ကျေပွန်ခဲ့လေပြီ။ တက္ကသိုလ်ကြီးက မွေးထုတ်ပေးလိုက်သော အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ပညာရှိ ကဝိတွေလည်း မနည်းလှပါ။ ထုနဲ့ဒေး ဖြစ်ခဲ့လေပြီ။ တက္ကသိုလ်ကြီး၏ ကျောင်းဂုဏ်ဆောင် ပုဂ္ဂိုလ်တွေဆိုတာကလည်း မရေတွက်နိုင်အောင် များခဲ့လေ၏။ ဤသည်တို့ကြောင့် ကျွန်တော်သည် အမိမန္တလေးတက္ကသိုလ်ကြီးက တာဝန်ကျေပါပကောဟု မှတ်ချက်ပြုရခြင်း ဖြစ်သည်။

ထိုကဲ့သို့ ဝိသေသထူးသော မန္တလေးတက္ကသိုလ်ကြီးတွင် ကျွန်တော်သည် ၁၉၈၄-၈၅ ခုနှစ်ပညာသင်နှစ်တွင် စတင်ရောက်ရှိခဲ့ခြင်း ဖြစ်၏။ ကျွန်တော်သင်ယူခဲ့သည့် 'မေဂျာ' မှာ ဒဿနိကဗေဒ ဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနှစ်က မန္တလေးတက္ကသိုလ်ကြီးကို နောက်ခံထားပြီး သင်္ကြန်မိုးရုပ်ရှင်ဇာတ်ကားကြီးကလည်း ရိုက်ကူးပုံဖော်နေချိန် ဖြစ်နေပေ၏။ အဆိုပါ ရုပ်ရှင်ရိုက်ကွင်းများဆီသို့ အတန်းမတက်ဘဲ သွားရောက် ငေးမောမိခဲ့ကြသည့် ကျွန်တော်နှင့် ကျွန်တော့် သူငယ်ချင်းများအတွက်တော့ အမှတ်တရဖြစ်ခဲ့ရသည်။ ကျွန်တော့်အတွက်တော့ အမိတက္ကသိုလ်ကြီးသည် နှစ်သက်စရာ၊ ကြည်နူးစရာ၊ လွမ်းမောစရာ၊ အောက်မေ့တမ်းတစရာတွေ အများကြီး ကျန်စေခဲ့ပါသည်။ ပျော်စရာလည်းကောင်း၏။ ထိုစဉ်က မန္တလေးတက္ကသိုလ်ဆိုသော နေရာလေးသည် ကျွန်တော်တို့အတွက်တော့ သီးခြားကမ္ဘာလေးဖြစ်နေသည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ၏ နေပုံထိုင်ပုံနှင့် အရပ်သူ၊ အရပ်သားများ၏ နေပုံထိုင်ပုံသည် ကွဲပြားခြားနားနေသလို ဖြစ်နေပေ၏။

ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားများကို အရပ်သူ၊ အရပ်သားများ၏ အကြည့်က အထင်တကြီး လေးစားကာ အားကျစရာပုံစံမျိုး ပေါက်နေသည်ဟု ဆိုရပေမည်။ ဤသည်မှာ ကျွန်တော်၏ ထင်မြင်ယူဆချက် တစ်ခုသာ။ သို့သော်လည်း မန္တလေးတက္ကသိုလ်ဝင်းထဲရှိ စိန်ပန်းပင်၊ နွေတမာ၊ ရေတမာပင်များနှင့် စွယ်တော်ပင်၊ ကံ့ကော်ပင်များသာ စကားပြောခွင့်ရမယ်ဆိုလျှင် ကျွန်တော်၏အဆိုကို သူတို့လေးတွေက အပြည့်အဝ ထောက်ခံကြမည်မှာ ဧကန်မလွဲပါ။

ဤသည်မှာ ကျွန်တော် ပြောပြချင်သည့် မန္တလေးတက္ကသိုလ်ကြီး၏ နိဒါန်းအစ ဖြစ်၏။ တစ်ဆက်တည်းမှာပင် ဤတက္ကသိုလ်ကျောင်းတော်ကြီးမှ ကျောင်းဆရာတစ်ဦး၏အကြောင်းကို ပြောပြချင်သေး၏။တစ်နည်းပြောရလျှင် ကျွန်တော် လေးစားအားကျပြီး အတုယူစရာကောင်းသည့် မြတ်ဆရာတစ်ဦးဆိုလျှင် မမှားပေ။ ကြည်ညိုစရာလည်း ကောင်းပါသည်။ အဆိုပါ ဆရာမှာ အခြားသူ မဟုတ်။ မန္တလေးတက္ကသိုလ်၊ ပထဝီဝင်ဌာနမှ ဆရာ ဦးစန်းမြင့် ဖြစ်ပါသည်။ ထိုစဉ်က ဆရာ ဦးစန်းမြင့်သည် 'ကျူတာ' ဆရာပဲ ရှိသေး၏။ ကျွန်တော် တက္ကသိုလ်ပထမနှစ်မှာပင် အဆိုပါ ဆရာနှင့် စတင်တွေ့ဆုံခဲ့ရခြင်းဖြစ်၏။ ထိုစဉ်က ဆရာ၏ အသက်မှာ ၃၀ ကျော်လေးပဲရှိသေး၏။ ဆရာသည် ဗမာလူမျိုး မဟုတ်။ 'မြိတ်ထားဝယ်' လူမျိုးဖြစ်၏။ ဆရာသည် သဘောကောင်း၏။ မနောဖြူစင်ပါသည်။ သူ့တပည့်များအပေါ်တွင်လည်း ခင်မင်ရင်းနှီးစွာ ဆက်ဆံလေ့ရှိ၏။ ဤသည်တို့ကြောင့် ဆရာကို သူ့တပည့်များက ချင်ခင်လေးစား ကြသည်။

ဆရာသည် မြိတ်ထားဝယ်သားပီပီ စကားကို ပီပီသသမပြောတတ်။ စကားဝဲ၏။ ထားဝယ်လေသံ ပေါက်၏။ ဆရာစာသင်လျှင် စိတ်ရှည်လက်ရှည် သင်ပေး၏။ သင်ယူနေသည့် ကျောင်းသူ၊ ကျောင်းသားများ နားမလည်သေးလျှင် နှစ်ကျော့ပြန် သင်ပေးလေ့ရှိပါသည်။

ထိုစဉ်က ဆရာကျွန်တော်တို့ကို သင်ပေးခဲ့သည်မှာ လက်တွေ့ပထဝီ ဖြစ်၏။ ဤလက်တွေ့ပထဝီသည် နားဝေတိမ်တောင်ဖြစ်ခွင့်မရှိ။ ရောချ၍လည်း မရ။ တကယ်နားလည်မှ အဖြေမှန်ထွက်၏။ အဓိကအချက်မှာ လက်တွေ့မြေပုံဆွဲတတ်မှ အဖြေမှန်ရ၏။ မဆွဲတတ်လျှင် အဆိုပါကျောင်းသားသည် ရှုလည်နေတော့၏။

ထို့နောက် ဆရာနှင့်ကျွန်တော်သည် ရေစက်ကြောင့်လား မသိ။ ကျွန်တော်ပထမနှစ်မှာပင် ခင်မင်ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ ယခင်ကလည်း သိကျွမ်းခင်မင်ခဲ့ခြင်းမရှိခဲ့ပါ။ မည်မျှအထိ ခင်မင်ရင်းနှီးခွင့်ရခဲ့သလဲဟုဆိုလျှင် ဆရာက ပထဝီဘာသာရပ်ကို သူ၏နေအိမ်၌ အချိန်ပိုသဘောမျိုး ကျွန်တော့်ကို သင်ပေးခဲ့၏။ အချိန်ပိုကြေးလည်း ပေးစရာမလို။ အခမဲ့သင်ကြားပေးခြင်းဖြစ်၏။ ထို့အပြင် ဆရာက ကျွန်တော့်ကို နေ့လယ်စာနှင့်ကြုံလျှင် နေ့လယ်စာ ကျွေး၏။ ညနေစာနှင့်ကြုံလျှင် ညနေစာ စားပြီးမှ အိမ်ပြန်ရလေ့ရှိပါသည်။

သည်လိုနှင့် ကျွန်တော်သည် ဆရာ့အိမ်သို့ မကြာခဏ သွားရောက်သင်ယူရသောကြောင့် ဆရာ့မိသားစုနှင့်ပါ သိကျွမ်းခင်မင်ခဲ့ရပါသည်။ ဆရာကတော်၏ အမည်မှာ ဒေါ်ခင်သန်းဌေးဖြစ်ပြီး ဆရာကဲ့သို့ပင် သဘောကောင်း၏။ မနောဖြူစင်၏။ ရိုးရိုးရှင်းရှင်းနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သူဖြစ်၏။ ဆရာကတော်၏ဇာတိမှာ အညာဒေသ ပခုက္ကူကဟု ဆိုပါသည်။

အဆိုပါ တက္ကသိုလ်၏ ပထမနှစ်မှာပင် ကျွန်တော်သည် ပထဝီဘာသာရပ်၌ ဂုဏ်ထူးရခဲ့၏။ ကျွန်တော် ဒုတိယနှစ်ဆက်တက်တော့လည်း ဆရာနှင့် ပြန်ဆုံခဲ့ရပြန်ပါသည်။ သည်လိုနှင့် ကျွန်တော်သည် ကျောင်းနေပျော်၍ စာတော်ခဲ့သည့် ကျောင်းသားတစ်ဦး ဖြစ်လာခဲ့သည်။ ဆရာ၏ ကျေးဇူးဟု ပြောရပေမည်။ ကျွန်တော်တို့ခေတ်က တက္ကသိုလ်ကျောင်းတက်ရသည်မှာ ပျော်စရာကောင်းပါသည်။

သည့်နောက်ပိုင်း ဆရာနှင့်ကျွန်တော်၏ ခင်မင်ရင်းနှီးမှုသည် ပို၍ ခိုင်မြဲလာ၏။ တစ်ဦးနှင့်တစ်ဦး ရိုးသားမှုတွေ၊ ယုံကြည်မှုတွေရှိလာခဲ့၏။ ဆရာ၏ အိမ်သည် ကျွန်တော့်အတွက် စားအိမ်၊ သောက်အိမ် ဖြစ်လာခဲ့ပါသည်။ ကျွန်တော့်အပေါ်တွင် ဆရာနှင့် ဆရာ့မိသားစု၏ ကျေးဇူးကား အလွန်တရာမှ ကြီးမားလှပါသည်။

ဤသည်တို့ကြောင့် ကျွန်တော်သည် ဆရာ့အကြောင်း ပို၍ပို၍ သိခွင့်ရခဲ့ပါသည်။ ဆရာသည် ဤမန္တလေးတက္ကသိုလ်အပေါ်တွင် သံယောဇဉ်ကြီးမားသူတစ်ဦးဟုဆိုလျှင် လွန်အံ့မထင်။ သူ့တပည့်များ၏ ကျောင်းသားရေးရာကိစ္စများနှင့် ပတ်သက်လာလျှင် ဆရာက လက်မနှေးခဲ့။ အကူအညီပေးတတ်၏။ မန္တလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များရှိလျှင်လည်း ဆရာက တာဝန်ကျေပွန်သူတစ်ဦးဟု ဆိုရပေမည်။

ထိုစဉ်က ဆရာသည် မန္တလေးတက္ကသိုလ် နေ့သင်တန်း၊ ညနေသင်တန်းနှင့် စာပေးစာယူ သင်တန်းများကို (အဝေးသင်ဟု မသတ်မှတ်သေးပါ။) အချိန်အလိုက် သင်ပေးနေရ၏။ ဆရာ့အတွက်တော့ အားလပ်ချိန် အလွန်နည်းပါး၏။ သို့သော် ဆရာသည် အလုပ်နှင့်ပတ်သက်၍ ညည်းတွားခြင်း မရှိပေ။

မန္တလေးတက္ကသိုလ်တွင် ဆရာ၏ လူမသိ၊ သူမသိ ကုသိုလ်ပြုလုပ်ငန်းများကို ကျွန်တော် ပြောပြချင် ပါသေး၏။ ဆရာသည် သူ့ပထဝီဌာန၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်ပင်များ စိုက်ပျိုးပေးခဲ့ဖူး၏။ ဆရာ စိုက်ပျိုးပေးခဲ့သော သစ်ပင်များမှာ တမာပင်၊ စိန်ပန်းပင်၊ စွယ်တော်ပင်နှင့် ကံ့ကော်ပင်များ ဖြစ်ကြသည်။

ထို့အတူ ဆရာက ညနေသင်တန်းသို့ စာသွားသင်လျှင်လည်း ကျွန်တော်က မကြာခဏ လိုက်ရလေ့ရှိပါသည်။ ဆရာ့နောက်သို့ လိုက်ရသည့် အကြောင်းမှာ မန္တလေးတက္ကသိုလ်ရှိ အချို့သော နေရာများတွင် မီးသီးများ၊ မီးချောင်းများ ကျွမ်းနေပါက ဆရာက အဆိုပါ မီးသီး၊ မီးချောင်းများကို အသစ်အစားထိုးကာ တပ်ဆင်ပေးလေ့ရှိသည်။ ဆရာကိုယ်တိုင် ခုံပေါ်တက်ပြီး တပ်ဆင်ပေးလေ့ရှိ၏။ သိပ်မြင့်သည့်နေရာများတွင် တပ်ဆင်ရမည်ဆိုလျှင် ဆရာက တာဝန်ရှိသူနှင့် လွှဲပေးခဲ့၏။ တကယ်တော့ ကျွန်တော်က ဆရာ၏ ပရဟိတလုပ်ငန်းအတွက် အကူအဖြစ် လိုက်ပါရခြင်း ဖြစ်ပါသည်။

အကယ်၍ ညနေပိုင်း၌ အချိန်ရလျှင် ဆရာက သူစိုက်ထားသော သစ်ပင်များကို ရေလောင်းပေါင်းသင်ပေးပါသည်။ ဆရာ၏ လုပ်ဆောင်မှုများကို ကျွန်တော်က နံဘေးမှ ရေလောင်းပေါင်းသင်ကာ အကူအညီပေးရပါသည်။ အဆိုပါ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ကုန်ကျငွေများကို ဆရာက သူ့ကိုယ်ပိုင်ငွေထဲမှ စိုက်ဟန်တူပါသည်။

ဆရာသည် မန္တလေးတက္ကသိုလ် ပထဝီဝင်ဌာနတွင် ကျူတာ၊ ထိုမှတစ်ဆင့် လက်ထောက်ကထိက၊ ကထိက စသည့် တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ ထို့နောက် ဆရာသည် အခြားမြို့များသို့ ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဤသို့နယ်များသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်တော့ ဆရာသည် ပါမောက္ခဖြစ်သွားတော့လည်း သွေးမကြီးခဲ့ပါ။ ကျွန်တော့်ကို ညီလေးတစ်ယောက်ကဲ့သို့ ခင်မင်လျက်ပါ။ ထိုစဉ်က ကျွန်တော်သည်ပင် ကျောင်းပြီးသွားခဲ့ပါပြီ။ သို့သော်လည်း ဆရာသည် သူတာဝန်ထမ်းဆောင်နေသည့် စစ်ကိုင်းတက္ကသိုလ်၊ မုံရွာတက္ကသိုလ်နှင့် တောင်ကြီးတက္ကသိုလ်များဆီသို့ အလည်အပတ်ခေါ်လေ့ရှိပါသည်။ ဆရာက ကျွန်တော့်ကို စရိတ်ငြိမ်း အလည်သက်သက် ခေါ်သွားခြင်းဖြစ်သည်။ ဆရာနှင့် ကျွန်တော်၏ ခင်မင်မှုအတိုင်းအတာသည် ရှည်ကြာလွန်းလှပေသည်။ ရိုးရှင်းလွန်းလှပါသည်။ တစ်သက်တာလုံး ခင်မင်ရင်းနှီးကြသည်ဟုဆိုလျှင် လွန်အံ့မထင်။

သည့်နောက်ပိုင်း ဆရာသည် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ် ပထဝီဝင်ဌာနတွင် ပါမောက္ခတာဝန်ကို ထမ်းဆောင်ပြီး ပင်စင်ယူသွားခြင်းဖြစ်သည်။ ပင်စင်ယူသွားပြီး (၁၀)နှစ်ခန့်ကြာသော အခါ ဆရာသည် လူ့လောကတွင် မရှိရှာတော့ပေ။ ၂၀၂၃ ခုနှစ်က ဆရာသည် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားလေပြီ။ ဆရာတစ်ယောက် ယခုလို ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသော်လည်း ဆရာစိုက်ပျိုးခဲ့သော မန္တလေးတက္ကသိုလ်ရှိ သစ်ပင်များကတော့ ရှင်သန်ကြီးထွားနေကြမည်မှာ အမှန်ပါ။ မည်သို့ပင် ဆိုပါစေ ကျွန်တော့်အနေဖြင့် ကြွေလွင့်သွားသည့် အတိတ်တစ်ချိန်က မန္တလေးတက္ကသိုလ်မှ ကျောင်းဆရာတစ်ဦး၏အကြောင်းကို မှတ်တမ်းပြုစုရင်း ကမွတ်နိဂုံးအဆုံးသတ်ပါရစေ။

ထို့အတူ ဆရာက ညနေသင်တန်းသို့ စာသွားသင်လျှင်လည်း ကျွန်တော်က မကြာခဏ လိုက်ရလေ့ ရှိပါသည်။ ဆရာ့နောက်သို့ လိုက်ရသည့် အကြောင်းမှာ မန္တလေးတက္ကသိုလ်ရှိ အချို့သော နေရာများတွင် မီးသီးများ၊ မီးချောင်းများ ကျွမ်းနေပါက ဆရာက အဆိုပါ မီးသီး၊ မီးချောင်းများကို အသစ်အစားထိုးကာ တပ်ဆင်ပေးလေ့ရှိသည်။ ဆရာကိုယ်တိုင် ခုံပေါ်တက်ပြီး တပ်ဆင်ပေးလေ့ရှိ၏။ သိပ်မြင့်သည့်နေရာများတွင် တပ်ဆင်ရမည်ဆိုလျှင် ဆရာက တာဝန်ရှိသူနှင့် လွှဲပေးခဲ့၏။ တကယ်တော့ ကျွန်တော်က ဆရာ၏ ပရဟိတလုပ်ငန်းအတွက် အကူအဖြစ် လိုက်ပါရခြင်း ဖြစ်ပါသည်။

ကိုရွှေမော်

# နိုင်ငံတကာ အားကစား သတင်းများ

## ပက်ထရစ်ဘန်ဖို့ဒ်ကို ရှက်ဖီးလ်ယူနိုက်တက်အသင်း ခေါ်ယူ

**လန်ဒန် နိုဝင်ဘာ ၁၆**

လိဂ်ချန်ပီယံရှစ်ကလပ် ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် လိဒ်စ်အသင်းနှင့် လမ်းခွဲခဲ့သည့် တိုက်စစ်မှူး ပက်ထရစ်ဘန်ဖို့ဒ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၅ပွဲကစားပြီး ဂိုး ၆၀အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ပက်ထရစ်ဘန်ဖို့ဒ်က "ကျွန်တော် ရှက်ဖီးလ်ယူနိုက်တက်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကို အောင်မြင်မှုတွေရရှိအောင်လည်း အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)





## ဆွစ်ဇာလန်အသင်းက ဆွီဒင်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၆**

၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဆွစ်ဇာလန်အသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွစ်ဇာလန်အသင်းက ဆွီဒင်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၃မိနစ်တွင် အမ်ဘိုလို၊ ပွဲချိန် မိနစ် ၆၀တွင် ရှာခါ၊ ပွဲချိန် ၇၅မိနစ်တွင် အန်ဒိုရီ၊ ပွဲချိန် (၉၀+၄)မိနစ်တွင် မန်ဇန်ဘီတို့ အသီးသီး သွင်းယူပေးခဲ့ကြသည်။ (အပေါ်ပုံ)

ဆွစ်ဇာလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ် ငါးပွဲကစားအပြီးတွင် ရမှတ် ၁၃မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းသည် လာမည့် နိုဝင်ဘာ ၁၉ ရက်တွင် ကိုဆိုဗိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ဆွန်ဟောင်မင် လော့စ်အိန်ဂျလိစ်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် နိုဝင်ဘာ ၁၆**

လော့စ်အိန်ဂျလိစ်တိုက်စစ်မှူး ဆွန်ဟောင်မင်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် လော့စ်အိန်ဂျလိစ်အသင်းနှင့်အတူ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၂ပွဲကစားကာ ၁၀ဂိုး သွင်းယူထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဆွန်ဟောင်မင်က "ကျွန်တော် လော့စ်အိန်ဂျလိစ်အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။



(အပေါ်ပုံ)

(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်းသည် အီကွေဒေါကလပ် အင်ဒီပန်ဒီယန်တေဒယ်ဗယ်လေအသင်းတွင် ကစားနေသည့် အသက်(၁၆)နှစ်အရွယ်ရှိ အီယန်နာအော်ဒိုနက်ဇ်ကို ခေါ်ယူရန် အကြိုသဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

* လီဗာပူးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား အိုလီဆေးအား မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ၂၀၂၆ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲကို လာမည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၄ရက်မှ ဩဂုတ် ၂၆ရက်အထိ တစ်လကျော်ကြာ ကျင်းပသွားမည်ဖြစ်သည်။ (NGB)

## လီဝန်ဒေါဖစကီးအား ခေါ်ယူရန် ဖီနာဘာချီအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၁၆**

ဖီနာဘာချီအသင်းသည် ဘာစီလိုနာအသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး လီဝန်ဒေါဖစကီးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၉ပွဲကစားပြီး ၁၀၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး လီဝန်ဒေါဖစကီးကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ဘာစီလိုနာအသင်းမှ ထွက်ခွာလိုလျက်ရှိနေသည်။

ထို့ကြောင့် ဖီနာဘာချီအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ လီဝန်ဒေါဖစကီးအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ယာပုံ)

(NGB)

## ဗလာဟိုဗစ်အား စာချုပ်သက်တမ်းတိုးရန် ဂျူဗင်တပ်အသင်းစီစဉ်

**တူရင် နိုဝင်ဘာ ၁၆**

ဂျူဗင်တပ်အသင်းသည် အသင်းတိုက်စစ်မှူး ဗလာဟိုဗစ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဂျူဗင်တပ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၀ ပွဲကစားပြီး ၆၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဂျူဗင်တပ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဗလာဟိုဗစ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။ (ယာပုံ)

(NGB)





## 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jannik Sinner တက်ရောက်

**တူရင် နိုဝင်ဘာ ၁၆**

အီတလီနိုင်ငံ၊ တူရင်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အိမ်ရှင် အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင် အီတလီ တင်းနစ်ကစားသမား Jannik Sinner သည် 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဩစတြေးလျ တင်းနစ်ကစားသမား Alex De Minau အား ၇-၅၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် စပိန်တင်းနစ်ကစားသမား Carlos Alcaraz တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## ခြေထောက်ဒဏ်ရာကြောင့် မာ့ခ်ဂူဟီ ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ



**လန်ဒန် နိုဝင်ဘာ ၁၆**

ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မာ့ခ်ဂူဟီသည် ခြေထောက်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းက AZ အယ်လ်ခမာအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။(အပေါ်ဝဲပုံ)

နောက်ခံကစားသမား မာ့ခ်ဂူဟီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ မာ့ခ်ဂူဟီသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၃ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)

0-0-0-0-0-0

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၇-၁၁-၂၀၂၅ တနင်္လာနေ့ | ညနေ ၅း၃၀ နာရီ | ဘာရိန်း - ဆိုမာလီယာ |
| ။ | ည ၁၁း၀၀ နာရီ | ကာတာ - ဇင်ဘာဘွေ |
| ။ | ။ | ဖင်လန် - အင်ဒိုရာ |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ - (အုပ်စုအဆင့်) ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၈-၁၁-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၂း၁၅နာရီ | L | ချက် - ဂျီဘရော်လ်တာ | ဂျီဘရော်လ်တာ ၀-၄ ချက် |
| ။ | ။ | A | ဂျာမနီ - ဆလိုဗက်ကီးယား | ဆလိုဗက်ကီးယား ၂-၀ ဂျာမနီ |
| ။ | ။ | G | မော်လ်တာ - ပိုလန် | ပိုလန် ၂-၀ မော်လ်တာ |
| ။ | ။ | L | မွန်တီနီဂရိုး - ခရိုအေးရှား | ခရိုအေးရှား ၄-၀ မွန်တီနီဂရိုး |
| ။ | ။ | G | နယ်သာလန် - လစ်သူယေးနီးယား | လစ်သူယေးနီးယား ၂-၃ နယ်သာလန် |
| ။ | ။ | A | မြောက်အိုင်ယာလန် - လူဇင်ဘတ် | လူဇင်ဘတ် ၁-၃ မြောက်အိုင်ယာလန် |

# အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆွမ်းသပိတ်လုံးလောင်းလှူပွဲ ကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်ရှိ မင်္ဂလာစေတီကုန်းတော်ကြီး ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် အကြိမ်(၃၀) မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆွမ်းသပိတ်လုံး လောင်းလှူပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂နာရီခွဲက အဆိုပါ ဘုရားကြီး ရင်ပြင်တော်ပေါ်တွင် ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် အကြိမ်(၃၀)မြောက် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ နိုဝင်ဘာ ၇ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် နိုဝင်ဘာ ၉ ရက်အထိ ရွတ်ဖတ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ပဋ္ဌာန်းအောင်ပွဲနှင့် ဆွမ်းသပိတ်လုံး လောင်းလှူပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။ အဆိုပါ ဆွမ်းသပိတ်လုံး လောင်းလှူပွဲသို့ ကျောင်းတိုက်အသီးသီးမှ ပင့်သံဃာတော် ၁၅၀ ပါး ကြွရောက်အလှူခံတော်မူကြပြီး မင်္ဂလာစေတီကုန်းတော်ကြီး ဆုတောင်းပြည့်ဘုရားကြီး အကျိုးတော်ဆောင်နာယကနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဆွမ်းသပိတ်လုံး အလှူရှင်မိသားစုများ စုစုပေါင်း ၄၅၀ဦးကျော်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ အဆိုပါ ဆွမ်းသပိတ်လုံး လောင်းလှူကြသူ မိသားစုများအား အလှူရှင်များက မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊လက်ဖက်သုပ်များဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။**(ဝဲပုံ)(၄၅၆)**





# (၆၅)ကြိမ်မြောက် ရတနာသုံးပါးပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် သံဃာတော်များ သာသနာပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ဆွမ်း၊ ကွမ်းပြည့်စုံပြီး အဆင်ပြေစေရေး ဆွမ်းဆန်စိမ်းများ၊ ဝတ္ထုငွေများ၊ ဝတ္ထုပစ္စည်းများ လောင်းလှူသည့် ရတနာ သုံးပါးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက ဖောင်ရွာရပ်ကွက်၊ 'ဝေဘူချောင်' သာသနာ့နယ်မြေကျောင်းဝင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စတုတ္ထဝေဘူဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော်အပါး ၁၅၀၀၊ သီလရှင် ၄၈၈ ပါး၊ ယောဂီ ၂၈ ဦး နှင့် အာဂန္တုသံဃာနှင့်သီလရှင် ၁၆၃ ပါးတို့အား ကျောက်ဆည်တပ်နယ်မှူး ဗိုလ်မှူးချုပ်တိုးမြင့်ကျော်၊ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ အခြေခံပညာကျောင်းများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ရပ်ကွက်၊ ကျေးရွာများမှ အလှူရှင်များက အလှူမဏ္ဍပ် ၄၂၀ ခုတွင် ဆွမ်းဆန်စိမ်းများ၊ ဝတ္ထုငွေ၊ ဝတ္ထုပစ္စည်း စုပေါင်းတန်ဖိုးငွေကျပ် ၈၂၆၆၁၄၃၀၀ အား စုပေါင်းလောင်းလှူခဲ့ကြောင်း နှင့် ပင့်သံဃာတော်များ၊ သီလရှင်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းအခက်အခဲမရှိစေရေး ပဲထမင်း၊ ဒံပေါက်၊ ရိုးရိုးထမင်းဖြူ၊ ဆွမ်းဟင်းမျိုးစုံတို့ဖြင့် နိဗ္ဗာန်ဈေးပြုလုပ်၍ နှစ်သက်ရာ ဆွမ်းဘုဉ်းပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထို့နောက် အလှူရှင်များက ၁၇ ပါးမြောက် တိပိဋကရေ တိပိဋကကောဝိဒ ရှေးဆရာတော် 'ဘဒ္ဒန္တသေဋ္ဌ ဉာဏာလင်္ကာရ' ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာနှင့် ရေစက်ချတရား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

ဝ-ဝ-ဝ-ဝ-ဝ

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၁၆**

မဟာရာဇသီရိ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီးနှင့် သီရိတြိဘုဝနာဒိတျဓမ္မရာဇာ ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သည့် အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်းအထိမ်းအမှတ် (ရွှေပြည့်အောင်ပွဲ)မြို့တွင်း စွယ်တော်လှည့်လည်အပူဇော်ခံပွဲ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက ဘဏ္ဍာတော်ထိန်းဂေါပကရုံးခန်းတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးစီးအောင်မြင်မှုအထိမ်းအမှတ် စွယ်တော်မြတ် မြို့တွင်းလှည့်လည်အပူဇော်ခံမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေး၊ လှည့်လည်အပူဇော်ခံရေး၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး၊ သံဃာတော်များ ပင့်ဖိတ်ရေး၊ ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်လှူခြင်းနှင့် ရေစက်ချမင်္ဂလာကျင်းပရေး၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း၊ စွယ်တော်မြတ်ပင့်ဆောင်လှည့်လည်ပူဇော်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့်ပြန်ကြားရေးကော်မတီအသီးသီးက ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြခဲ့ကြရာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၁)**



# ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးအပ်

**ဆီဆိုင် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးအပ်ခြင်း (MCCT)ကို ယမန်နေ့နံနက်ပိုင်းမှစ၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ငွေကြေးထောက်ပံ့ပေးရာတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ (ဧပြီလမှ အောက်တိုဘာလ) အထိ MCCT အစီအစဉ်၏ အကျိုးခံစားခွင့်ရှိသည့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၉၅၄ ဦးနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ် ၄၇၁ ဦး၊ စုစုပေါင်း ၁၄၂၅ ဦးတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၁၂၉၁၃၅၀၀၀ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကို ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စများ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကင်ဆာရောဂါဆေးသွင်းကုသမှုခံယူနေသော သချာဌာနမှ ဆရာမကြီး ဒေါ်ပိုထံသို့လည်းကောင်း၊ကင်ဆာရောဂါလက္ခဏာပြသနေ၍ ဆေးစစ်မှုခံယူနေသော ပထဝီဝင်ဌာနမှ အငြိမ်းစားဆရာမကြီး ဒေါ်မြင့်မြင့်သီထံသို့ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့်အဖွဲ့ဝင်များက နေအိမ်များသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ငါးသိန်းစီပေးအပ်၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှစပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၁ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၆၁ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် သိန်း ၆၈၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၄၅)**



❖ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျ...

❖ Green City, Clean City, Smart City နှင့် Green Village များ ဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့်အစိတ်အပိုင်းများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၁၀ နှင့် ၁၁ တို့တွင် ဖော်ပြပါရှိပါသည်။ **မန္တလေးနေ့စဉ်**

# လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲနှင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူမျိုးပေါင်းစုံ ယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် မြန်မာ-တရုတ်-အိန္ဒိယ ကုန်စည်စီးဆင်းဖလှယ်ရေးအသင်း ဥက္ကဋ္ဌတို့က လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများ ဖြစ်ကြသည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်းဝါး၊ လီဆူ၊ ရဝမ် မျိုးနွယ်စု ခြောက်မျိုး၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာ တိုင်းရင်းသား မျိုးနွယ်စုတို့နှင့် အတူ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် ကရင်၊ ရခိုင်၊ ချင်း တိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များ၊ တရုတ်၊ ဂေါ်ရခါး၊ ဆစ်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်း အကအဖွဲ့ ၂၂ ဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအလိုက် ဓလေ့ထုံးစံများကို ထုတ်ဖော်ပြသသည့် တေးသီချင်း၊ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေကပြတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အကအဖွဲ့ ၂၂ ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၂၀ ကို အကအဖွဲ့များထံ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည့် ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသည်။ ဗိုလ်လုပွဲစဉ်အဖြစ် လာချိဒ်တိုင်းရင်းသား မျိုးနွယ်စုဘောလုံးအသင်းနှင့် ဇိုင်းဝါးတိုင်းရင်းသားမျိုးနွယ်စု ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ဇိုင်းဝါးမျိုးနွယ်စုအသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးက အသင်းလိုက် တတိယဆုရသည့် လော်ဝေါ်မျိုးနွယ်စု အသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အသင်းလိုက် ဒုတိယဆုရ လာချိဒ်မျိုးနွယ်စု အသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရ ဇိုင်းဝါးမျိုးနွယ်စုအသင်းအား တစ်ဦးချင်း လည်ဆွဲ ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀ နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် ပေါ်တူဂီအသင်းနှင့် အိုင်ယာလန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် နိုဝင်ဘာ ၁၆**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ အုပ်စု (F)ပွဲစဉ်တွင် ပေါ်တူဂီအသင်းနှင့် အိုင်ယာလန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။



ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက ပေါ်တူဂီအသင်းနှင့် အာမေးနီးယားအသင်းတို့ပွဲစဉ်တွင် ပေါ်တူဂီအသင်းက အာမေးနီးယားအသင်းကို ကိုးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုး ကိုးဂိုးကို ပွဲချိန် ၇ မိနစ်တွင် ဗိုင်ဂါ၊ ပွဲချိန် ၂၈ မိနစ်တွင် ဂွန်ဆယ်လိုရာမို့စ်၊ ပွဲချိန် မိနစ် ၃၀၊ ၄၁ မိနစ်၊ ၈၁ မိနစ်တွင် ဂျော်အိုနယ်ဗီးစ်၊ ပွဲချိန် (၄၅+၃)မိနစ်၊ ၅၂ မိနစ်၊ ၇၂မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်၊ ပွဲချိန် (၉၀+၂)မိနစ်တွင် ကွန်ဆီကာအိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဆက်လက်၍ ဟန်ဂေရီအသင်းနှင့် အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အိုင်ယာလန်အသင်းက ဟန်ဂေရီအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အိုင်ယာလန်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၅မိနစ်၊ မိနစ် ၈၀၊ (၉၀+၆)မိနစ်တွင် ပါရော့တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ အုပ်စု (F)ပွဲစဉ် ခြောက်ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ပေါ်တူဂီအသင်းက ရမှတ် ၁၃ မှတ်ဖြင့် ပထမနေရာ၊ အိုင် ယာလန်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် ဒုတိယနေရာတို့တွင် ရပ်တည်ခဲ့သည်။ **(NGB)**

## အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းတို့ပွဲစဉ်အား ကွင်းအခက်အခဲကြောင့် ရွှေ့ဆိုင်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

၂၀၂၇အာရှဖလား ခြေစစ်ပွဲ တတိယအဆင့် အုပ်စုအလိုက်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၈ရက်တွင် ယှဉ်ပြိုင်ကစားရန်ရှိသည့် အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းတို့ပွဲစဉ်အား ကွင်းအခက်အခဲကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

အာဖဂန်နစ္စတန်အသင်းသည် အိမ်ကွင်းပွဲစဉ်များကို အာဖဂန်နစ္စတန်နိုင်ငံတွင် လက်ခံကျင်းပနိုင်ခြင်းမရှိဘဲ အခြားနိုင်ငံများတွင် ကစားနေရခြင်းကြောင့် ယခုမြန်မာအသင်းနှင့် ကစားမည့်ပွဲစဉ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကစားရန် စီစဉ်လာခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်အသင်းသည် လက်ရှိအချိန်တွင် သွားလာရေးအခက်အခဲရှိနေခြင်းကြောင့် နိုဝင်ဘာ ၁၈ရက်တွင် ကစားရန်ရှိသည့် မြန်မာအသင်းနှင့်ပွဲစဉ်အား လာမည့် ၂၀၂၆ ခုနှစ် မတ်လမှသာ ပြန်လည်ကစားသွားမည်ဖြစ်သည်။

**(နိုင်ကမ္ဘာ)**